# ဘဖလိုးအစိုးရကျောင်းများ ၂၀၂၁ ဖေဖော်ဝါရီ ၁ ကျောင်းပြန်ဖွင့်ခြင်း အဆင့်ဆင့် အဓိက အချက်များ

1. **ခရိုင်ပညာရေးမှူးနှင့်ဘုတ်အဖွဲ့ မှ ကျောင်းသားများအား ကျောင်းသို့** ဘေးကင်းလုံခြုံသည်နှင့်တပြိုင်နက် ပြန်သွားစေလိုပါသည်။ သင်ယူမှုဆုံးရှုံးခဲ့ရသည်များအတွက် ပြန်လည်ပေးဆပ်ရန် မိမိတို့ ဆောင်ရွက်ပါမည်။ သို့သော် မိမိတို့ သည် မကြာသေးမီက မတူကွဲပြားမှုကြီး မားလှသည့် မြို့ပြခရိုင်၏ လူထုကျန်းမာရေးအကျိုးဆက်များနှင့် ဘဝအခြေအနေများ ကြီးမားသည့် အန္တရာယ်များ ကြုံရောက်ခဲ့သည်ကိုတော့ ပြောင်းပြန်မလုပ်နိုင်တော့ပေ။
   - ကျောင်းအခြေပြုအစီအစဉ်များသည် လူကိုယ်တိုင်ကျောင်းပြန်တက်ရမည့်အဆင့်၁အခြေအနေတွင် ကျောင်းစာအကူညီများစွာလိုနေသည့်ကျောင်းသားများ စီနီယာများနှင့် မူကြို-၂တန်း ကျောင်းသားများကို ဦးစားပေးခေါ်ယူမည်။

2. ဆေးဝါးဒါရိုက်တာ UBMD ကလေးဆေးပညာအတွက် ဖွံ့ဖြိုးမှုဆိုင်ရာ ကလေးအထူးကုနှင့်ပြန်လည်ထူထောင်ရေးဌာန အကြီးအကဲ Dr. Dennis Kuo အရ **လက်ရှိကွန်မြူနတီအတွင်းရောဂါပျံ့ နှံ့ မှုသည်** အမြင့်ဆုံးအချိန်ဖြစ်နေပြီး ချက်ခြင်းပင် ပိုဆိုး လာနိုင်ပါသည်။ စာသင်ချိန်ကာလတစ်သမတ်တည်းဖြစ်စေရန်နှင့် ဆေးစစ်နည်းအသစ်လုပ်ထုံးလုပ်နည်းအပြည့်အဝဆောင်ရွက် နိုင်ရန်နှင့် MMRV အတွက် ကလေး ၇၅၀ ကာကွယ်ဆေးထိုးရန်အတွက်လည်း အနည်းဆုံး ဖေဖော်ဝါရီ ၁ရက်ထိ အဝေးသင် ဆောင်ရွက်သင့်ကြောင်း အကြံပြုပါသည်။

3. **BPS သည် မတ်ချ်လတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး** နယူးယောခ့်ပြည်နယ်တွင် ပထမဆုံး ကျယ်ကျယ်ပြန့်ပြန့် အဝေးသင် စံနစ်သို့ ပြောင်းခဲ့သည့်အတွက် ဘဖလိုးမြို့ သည် ပထမအဆင့်အခြေအနေများတွင် ရောဂါပိုးများအလွန်အကျွံပြန့် နှံ့ ခြင်းမှရှောင်ရှား နိုင်ခဲ့ပါသည်။ ယခုအခါတွင် မိမိတို့ သည့် နိုင်းယှဉ်ဆုံးဖြတ်ရမည့်အရေးအကြီးအချိန်ရောက်နေပါပြီ။

4. Covid-19 ကျောင်းပိတ်ရသည့်အတွက် BPS မှ **လူမှု-စိတ်ခံစားမှုအကျိုးဆက်များဖော်ပြနိုင်ရန်အတွက် လုပ်ဆောင်မှုများ ဆောင်ရွက်ခဲ့ပါသည်။**
   - BPS ကျောင်းသားအားလုံး၏နေ့စဉ် လူမှု စိတ်ခံစားမှုအခြေအနေသိရှိနိုင်ရန်နှင့် ထိုအခြေအနေများကိုကိုင်တွယ်နိုင်ရန် အရည်သွေးများတည်ဆောက်နိုင်ရန်အတွက် နည်းလမ်းတစ်ခုအနေဖြင့် BPS ကျောင်းသားအားလုံးသည် **လူမှု-စိတ်ခံစားမှု အချိန်တွင်** ပါဝင်ရပါသည်။
   - ကျောင်းတိုင်းတွင် ကျောင်းသားများ၏ လူမှု စိတ်ခံစားမှုနှင့်ပါတ်သက်သည့် ဆိုးရိမ်မှုများကို ဖုန်းဖြင့်အကြံပေးဝန်ဆောင်မှုများထောက်ပံ့ပေးနိုင်ရန်အတွက် **လူမှုရေးလုပ်သားများ အကြံပေးများ စိတ်ပညာရှင်များ** ရှိပါသည်။
   - ကျောင်းတိုင်းသည် အမြန်တစ်ဦးချင်းစိတ်ကျန်းမာရေးအွန်လိုင်းဗီဒီယိုမှုကုသမှုထောက်ပံ့နိုင်ရန်အတွက် **စိတ်ကျန်းမာရေး ကွန်မြူနတီမိတ်ဖက်များ** နှင့်ချိတ်ဆက်ထားပါသည်။

5. ဤကျောင်းပိတ်ကာလအတွင်း အွန်လိုင်းသင်ကြားမှုသည် **တတ်နိုင်သမျှအကျိုးသက်ရောက်မှုရှိ**ခဲ့ပါသည်။
   - **ပညာရေးကော်မရှင်နာမှ** ခရိုင်အား BPS ကျောင်းများတွင်ဆောင်ရွက်ခဲ့သည့် အွန်လိုင်းသင်ကြားမှုများအတွက် စံအဖြစ် **အသိမှတ်ပြုခဲ့ပြီး** မိမိတို့ အစီအစဉ်ကို ပြည်နယ်တဝိုက်ဖြန့် ဝေခဲ့သည်။
   - ဝန်ထမ်းတည်ငြိမ်မှုသည် အမြင့်ဆုံးအခြေအနေတွင်ရှိနေပြီး ဆိုလိုသည်မှာ မိမိတို့ ၏ပြိုင်ဖက်မရှိသင်ကြားရေးအဖွဲ့ သည် ကျောင်းသားများအား **အမြင့်ဆုံးအချိန်နာရီအကြာသင်ကြားပေးလျှ**က်ရှိသည်။

6. ကွာတား ၁အတွက် အခြား **ပညာရေး/အထောက်အပံ့ရလဒ်များတွင်** အောက်ပါတို့ ပါဝင်သည်။
   - အဓိကဘာသာရပ်လေးခုအတွင် **အဆင့်များ** (သချာ် သိပ္ပံ လူမှုရေးတွဲများနှင့် ELA) ၇၆% အောင်မြင်ပြီး ၁၈ % မှာ မပြီးဆုံးနှင့် ၆% မှာ မအောင်မြင်ပါ။
   - ကျောင်းခရိုင် ၅ခုကြီး အရ **ကျောင်းခေါ်ချိန်နှုန်းများမှာ** တန်းတူဖြစ်သည်။ လူကိုယ်တိုင်တက်ရချိန်နှင့် အများကြီးမကွာဟပါ။ မူလတန်းများအဆင့်များတွင် ပျမ်းမျှ ၈၃%ဖြစ်ပြီး အထက်တန်းများအတွက် ၇၈%ဖြစ်သည်။
   - မိမိတို့ ၂၀၂၁ စီနီယာတွေစောင့်ကြည့်ချက်အရ မနစ်က ဘွဲ့ ယူနှုန်း ၇၆.၂% ထက်ကျော်မည့်အနေအထားရှိနေပါသည်။
   - BPS ကျောင်းသားများ၏ ၉၇%မှာ **BPS အဝေးသင်ကရိယာများ** အသုံးပြုနေပါသည်။ (အခြား ၃% မှာ ၄င်းတို့ ကိုယ်ပိုင်ကရိယာများ သုံးနေသည့်ပုံရှိပါသည်။)
   - ခရိုင်မှ ကျောင်းသားမိသားစုများအတွက် ကုန်ကျစရိတ်မရှိပဲ အိမ်တွင်သင်ကြားနိုင်ရန်အတွက် **အင်တာနက်ချိတ်ဆက်နိုင်ရန်** (hotspots သို့ မဟုတ် broadband မှတဆင့်ဝန်ဆောင်မှုများ) ပံ့ပိုးပေးနိုင်ရန်အတွက် ဒေသတွင်းနှင့်ပြည်နယ်အတွင်း မိတ်ဖက်များဖော်ဆောင်ပြီးဖြစ်ပါသည်။